# ငါးဖယ်ထူ(မြောက်)ကျေးရွာ

# ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ငါးဖယ်ထူ(မြောက်)ကျေးရွာ၊ဟသ်ာတမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


မာတိကာ
စကားချီး ၇
ငါးဖယ်ထူမြောက်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် ၈
ငါးဖယ်ထူမြောက်ကျေးရွာရာသီခွင်ပြ ပြက္ခဒိန် ၉
အဖွဲ့အစည်းပြမြေပုံ ၁၀

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၁
(၁-၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် ၁၁
(၁-၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၂
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၃
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၃
(ခ) သဘာဝအရင်းအမြစ်များ ၁၃-၁၄
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၄
(က) လူဦးရေဆိုင်ရာ အချက်လက်များ ၁၄
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၄-၁၅
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၅
(ဃ) ကျန်းမာရေးနှင့် အာဟာရ ၁၅
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ ၁၅-၁၆
(စ) ကျားမဆိုင်ရာဆက်နွယ်မှု ၁၆
(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၆
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ၁၇
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၇
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၈
(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု ၁၈
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၁၉
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉-၂၀
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၂၀
(ဇ) အခြေခံအဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး ၂၀-၂၁
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၁
(၅) ဖွံ့ဖြိုးရေးအတွက်ကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၂၁

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ ၂၁-၂၂
(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု ၂၂
(၆) ပန်းတိုင်နှင့်မဟာဗျူဟာ ၂၂
(က) ဖွံ့ဖြိုးရေးပန်းတိုင် ၂၂
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ ၂၃
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၃-၂၄
(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း ၂၄
(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၁၄ ၂၄
(ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက် အထောက်အပံ့များဖြည့်ဆည်းပေးခြင်း ၂၄-၂၅
(၈) စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၂၅
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၅-၂၆
(ခ) ကဏ္ဍ နှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း ၂၆
(ဂ) ဦးစားပေး စီမံချက်များ ၂၇-၂၈
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၉
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၀-၂၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၂၂
(၁၀-၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၂
(၁၀-၂)ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း ၂၂
(၁၀-၃)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၂၂-၂၃
(၁၀-၄)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာ အစီအမံများ ၂၃
(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃-၂၄
(၁၁-၁)ကြီးကြပ်စစ်ဆေးခြင်း ၂၄
(၁၁-၂)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ ၂၅
**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၂၆**

| | | | |
|---|---|---|---|
| (၁) | လူမှုစီးပွားရေး အခြေအနေ | | |
| | ဇယား ၁ | လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ | ၂၆ |
| | ဇယား ၂ | လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား | ၂၇-၃၀ |
| | ဇယား ၃ | လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား | ၃၀-၃၁ |
| | ဇယား ၄ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု | ၃၂ |
| | ဇယား ၅ | ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ | ၃၂-၃၃ |
| | ဇယား ၆ | ဥတုဓာနေအဆင့်အခြေအနေ | ၃၃ |
| | ဇယား ၇ | ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ | ၃၄ |
| | ဇယား ၈ | ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ | ၃၅ |
| | ဇယား ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၃၆ |
| | ဇယား ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ၃၇-၃၈ |
| (၂) | ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ | | ၃၈ |
| | ဇယား ၁၁ | ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ | ၃၈-၃၉ |
| | ဇယား ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ | ၃၉ |
| | ဇယား ၁၃ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု | ၄၀ |
| | ဇယား ၁၄ | ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ | ၄၁ |
| | ဇယား ၁၅ | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၄၂ |
| | ဇယား ၁၆ | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၄၂-၄၃ |
| | ဇယား ၁၇ | သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းမ | ၄၃-၄၄ |
| | ဇယား ၁၈ | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ | ၄၄-၄၅ |
| | ဇယား ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ | ၄၅-၄၆ |
| | ဇယား ၂၀ | မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၄၆-၄၇ |
| | ဇယား ၂၁ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၄၈-၄၉ |
| | ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက်အခွင့်အလမ်းများ | ၅၀-၅၁ |
| | ဇယား ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၅၁-၅၂ |
| | ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၅၂-၅၃ |
| | ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း | ၅၃ |
| | ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၅၄ |
| | ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၅၄-၅၅ |

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း ၅၅-၅၆
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ ၅၇
ဇယား ၃၀ ပညာရေးနှင့်စာတတ်မြောက်မှု ၅၈
ဇယား ၃၁ ကျောင်းတက်နှုန်း ၅၈
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ ၅၉-၆၀
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ ၆၀-၆၁
ဇယား ၃၄ အဖြစ်များသော ရောဂါများ ၆၁
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု ၆၂
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ ၆၂-၆၃
ဇယား ၃၇ သောက်သုံးရေရရှိမှု ၆၄-၆၅
ဇယား ၃၈ အိမ်သာအမျိုးအစား ၆၅
ဇယား ၃၉ ကျား၊ မရေးရာ ၆၆-၆၇
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ ၆၇-၆၈
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု ၆၈
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး ၆၉
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ ၇၀
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ ၇၀-၇၁
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ ၇၁
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ ၇၂
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု ၇၃
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၇၄
**ကိုးကားစာရင်း** **၇၅**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ငါးဖယ်ထူမြောက်စုကျေးရွာ၏ ကျေးရွာသူကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးကျေးရွာဖွံ့ဖြိုးရေး စီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေး သည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤ လုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာသိရှိ ခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ငါးဖယ်ထူမြောက်ကျေးရွာ

ဟသ်ာတမြို့နယ်

ဩဂုတ်လ၊ ၂၀၁၈ ခုနှစ်          ရက်

# ဟသာတမြို့နယ်၊ ကင်းမွန်းချောင်းကျေးရွာအုပ်စုရှင်ဒေါယ်လူမြဲကွက် ကျေးရွာသယံဇာတပြမြေပုံ



# ငါးဖယ်ထူ(မြောက်)ကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟသ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ် တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကျဲ | ဓါတ်မြေသြဇာ | ဆေးဖျန်း | ဆေးဖျန်း | စပါးရိတ်သိမ်း | မတ်ပဲစိုက် | ပိုးသတ်ဆေးဖျန်း | - | ပဲသိမ်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | နည်း | များ | များ | များ | နည်း | များ | များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

ငါးဖယ်ထူ(မြောက်)ကျေးရွာ အဖွဲ့အစည်းပြမြေပုံ



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း၊ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### ၁.၁ ရည်ရွယ်ချက်နှင့်အကျိုးဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိ နိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာ နိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများ ထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေရန်အတွက်ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး

ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဟသ်ာတမြို့နယ်၏ အနောက်ဘက်(၇)မိုင်ခန့် အကွာတွင် တည်ရှိသည်။ ကျေးရွာ၏အနောက်ဘက်တွင် အင်္ဂပူမြို့ရှိပြီး (၂၁)မိုင်ခန့် ကွာဝေးသည်။ ရွာ၏အနောက် တောင်ဘက်တွင် လေးမျက်နှာမြို့တည်ရှိသည်။ ဘုရားကုန်းကျေးရွာသည် မြစ်ဝကျွန်းပေါ်ဒေသ ဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသဖြစ်သည်။ အမြင့်ဆုံးအပူချိန်မှာ (၄၂.၈ °C)နှင့် အနိမ့်ဆုံး အပူချိန်မှာ (၂၇ °C) ဖြစ်ပါ သည်။ တစ်နှစ်ပျမ်းမျှနှုန်း မိုးရွာသည့် ရက်မှာ (၁၀၇)ရက်ဖြစ်ပါသည်။ မိုးရေချိန်မှာ(၉၃.၉၇ ")ဖြစ်ပါသည်။ မိုးရွာသွန်းမှု အများဆုံးကာလမှာ ဇူလိုင်လ နှင့် ဩဂုတ်လများ ဖြစ်ပါသည်။

ငါးဖယ်တူမြောက် ကျေးရွာသည် ကင်မွန်းချောင်းကျေးရွာအုပ်စုတွင်ပါဝင်ပြီး မြစ်ဝကျွန်းပေါ် မြေပြန့်ဒေသဖြစ်ပါသည်။ ငါးဖယ်ထူမြောက်စုကျေးရွာသည် ဟသ်ာတမြို့၏အနောက်မြောက်ဘက်(၉)မိုင်ကွာဝေးပြီး တာဂွ-ဓမ္မီဆက်သွယ်ရေး လမ်းမ၏ဘေး-မြောက်ဘက်ကပ်လျှက် တည်ရှိပါသည်။ အရှေ့ဘက်တွင် ရွာသာလက္ခုပွင် ကျေးရွာအုပ်စု၊ တောင်ဘက်တွင် ငါးဖယ်ထူတောင်အုပ်စုနှင့် မြောက်ဘက်တွင် လိပ်ချောင်းအုပ်စု အိုးဖိုကုန်းကျေးရွာနှင့် ငဝန်မြစ်ရေကာတာကြီးရှိပါသည်။

ငါးဖယ်ထူမြောက်စုကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ပြီး ခြံလုပ်ငန်းတွင် ကွမ်းအဓိကထား စိုက်ပျိုးပါသည်။ဆောင်းရာသီတွင် စပါးသိမ်းပြီး ပဲအမျိုးမျိုးကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးပါသည်။ ရေလုပ်ငန်း အဖြစ် ငါးရှဉ့်ထောင်၊ ငါးဖမ်း လုပ်ငန်းများလည်း လုပ်ကိုင်ပါသည်။ နွေရာသီ ကွမ်းခြံ စိုက်ပျိုးရေးအတွက် အင်းနှင့်နီးရာတွင် အင်းရေများအသုံးပြုပြီး ဝေးသောနေရာတွင်အဝိစီတွင်းရေများ အသုံးပြုပါသည်။သောက်သုံးရေကို အဝိစီတွင်းမှ အသုံးပြုပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ငါးဖယ်ထူမြောက်ကျေးရွာတွင် သတ္တုတွင်းထွင်ပစ္စည်းများ ထွက်ရှိမှု မရှိပါ။ အင်းကောအိုင်ကောများဖြစ်သည့်ခွဲကမာန်အင်း၊ကျောင်းအိုင်၊သံလွင်ပင်အိုင်တို့ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ငါးဖယ်ထူမြောက် ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၁၄)စုရှိပြီး လူဦးရေစုစုပေါင်း(၈၂၁)ဦးရှိပါသည်။ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄)ဦးနှုန်း ရှိသောကြောင့်ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် လျော့နေပါသည်။ အသက်(၁၅နှစ်မှ၆၅နှစ်) အထိအလုပ်လုပ်နိုင်သောလူဦးရေများမှာ(၆၆)%ရှိပြီး(၁၅)နှစ်အောက်လူဦးရေနှင့် (၆၀)နှစ်နှင့်အထက်လူဦးရေစုစုပေါင်း (၃၄)%သည် မှီခိုသူများ ဖြစ်ကြပါသည်။ ကျေးရွာအတွင်းနေထိုင်သူဦးရေ များသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ရရှိနိုင်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏ (၃၈%)နီးပါးမှာ မပြေလည်သော အိမ်ထောင်စုများဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ စုမှာ(၁၁.၇%)စု၊အလယ်အလတ်ရှိသောအိမ်ထောင်စု (၂၂.၄%)စု ရှိပြီး အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ(၂၇%)စုရှိပါသည်။အဆင်ပြေသော အိမ်ထောင်စုများမှာ ပျမ်းမျှ အားဖြင့်လယ်(၁၅)ဧက အထိသာပိုင်ဆိုင်ပါသည်။လယ်ယာသုံး စက်ကရိယာများကို လယ်ဧကများသော လယ်သမားများသာပိုင်ဆိုင်ပြီး ကျန်လယ်သမားများမှာအငှားထွန်ယက်စိုက်ပျိုးကြပါသည်။ အိမ်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စုသာ ကောင်းမွန်မှုရှိ၍ အလယ်အလတ်အဆင့် ရှိသူတို့မှာ သင့်တင့်သော အဆောက်အဦးသာရှိပါသည်။ ဆင်းရဲသောအိမ်ထောင်စု များနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများတွင် ကောင်းမွန်သော အိမ်ပိုင်ဆိုင်မှု မရှိသည့်အပြင် လယ်ခြံမရှိခြင်း (စိုက်ပျိုးခြံ)မရှိသောကြောင့် ကျပမ်းအလုပ်များ၊ ဈေးရောင်း၊ ကယ်ရီလိုက်၊ မြို့ကြီးများသို့သွားရောက်သူများရှိပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ငါးဖယ်ထူမြောက်ကျေးရွာသည် ဝမ်းစာဖူလုံမှုရှိသော်လည်း အဆင်မပြေသောအိမ်ထောင်စုများတွင်လုပ်အားခ ကြိုတင်ယူခြင်း၊ ဆွေမျိုးမိတ်ဆွေများနှင့် ငွေတိုးချေးစားသူများထံမှချေးယူခြင်းတို့အပြင် အခြားဒေသများသို့သွားရောက်

လုပ်ကိုင်သူများထံမှပြန်ပို့ငွေများဖြင့် စားနပ်ရိက္ခာဖူလုံရန်ဖြေရှင်းနေကြ ရပါသည်။ရေလုပ်သားများအတွက် အင်းများသည်ရာသီဥတု ဖောက်ပြန်၍အပူချိန်များမြင့်တက်လာမှုကြောင့်နွေရာသီတပေါင်း၊တန်ခူး၊ကဆုန်လများတွင်ရေများ(၈၀)% လောက်ခမ်းခြောက်သွားသဖြင့်ငါးမျိုးတုန်းမည့် အခြေအနေရှိနေသဖြင့် ၎င်းအင်းတွင် မှီခိုလုပ်ကိုင်စားသောက်နေသော ရေလုပ်သားများအတွက်နောင် (၃)နှစ်လောက်ကြာလျှင်လုံးဝထိခိုက်နိုင်မည့်အခြေအနေရှိပါသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ငါးဖယ်ထူမြောက်စုကျေးရွာတွင်ကျန်းမာရေးချို့တဲ့မှုများရှိလာပါကရွာတွင်ကျမ်းမာရေးဌာနရှိ ကျန်းမာရေးမှူးနှင့် ကုသနိုင်သော်လည်း သာမာန်ဖျားနာမှုထက်ကျော်လွန်ပါက ၃မိုင် ၅ဖာလုံလောက်ဝေးသော တလုတ္တော်တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသရပါသည်။မိုးတွင်းအခါ လမ်းမကောင်းလျှင် လူနာများသွားလာရေးအတွက်အခက်အခဲရှိပါသည်။ဟင်္သာတမြို့နယ်ဆေးရုံတွင်သွားရောက်ပြသလျှင် ၁၀ မိုင်ဝေးပါသည်။ ဆောင်းရာသီနှင့်နွေရာသီသာလျင် သွားလာရေးကောင်းမွန်ပြီး မိုးရာသီမှာ အခက်အခဲရှိပါသည်။ကျေးလက်ကျန်းမာရေးဌာနမှကာကွယ်ဆေးများကိုလည်း စောင့်ရှောက်ထိုးပေးပါသည်။ယင်လုံအိမ်သာ သုံးစွဲမှုအားကောင်း၍ ကျန်းမာသန့်ရှင်းရေးကို အလေးပေးသောရွာဖြစ်ပါသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ငါးဖယ်ထူမြောက်ကျေးရွာ၏အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား(၉၃)ဦးရှိပါသည်။မူလတန်းအဆင့် အောင်မြင်သူများမှာ (၁.၅)မိုင်ကွာဝေးသော ကင်မွန်းချောင်းမြောက်အခြေခံပညာ အထက်တန်းကျောင်းခွဲသို့၎င်း၊ဘုရားကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ လည်းကောင်း သွားရောက် ပညာသင်ကြားကြပါသည်။ ကျောင်းအကျိုးတော်ဆောင်(၅)ဦးနှင့်ကျောင်းသား မိဘများအားလုံးပါဝင်သော မိဘဆရာအသင်း သည်စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်သောကြောင့် မူလတန်းအဆင့်ပညာရေးအတွက် အခက်အခဲများမရှိ လုပ်ဆောင်နိုင်ပါသည်။ရွာမှ ထူးချွန်စွာတက္ကသိုလ်ဝန်ထမ်းအောင်မြင်သူများနှင့်ရိုးရိုးအောင်မြင်သူများကို အဝေးရောက်မျှဝေသောလက်များအဖွဲ့မှ ဆုများလာရောက်ချီးမြှင့်ခြင်းနှင့် မူလတန်းကျောင်းတွင်လည်း အဟာရများကို အလှည့်ကျကျွေးပေးကြပါသည်။ငါးဖယ်ထူမြောက်ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သောကြောင့် စပါးကို

မိုးရာသီနှင့် ပဲကို ဆောင်းရာသီတွင်စိုက်ပျိုးကြပါသည်။ ကွမ်းကို နွေ၊မိုး၊ဆောင်း သုံးရာသီလုံးစိုက်ပျိုးကြသည်။ နွား၊ဝက်၊ကြက်၊ဘဲများ မွေးမြူကြသော်လည်း စီးပွါးဖြစ်မဟုတ်ပေ။စိုက်ပျိုးရေး မလုပ်သော အိမ်ထောင်စုများအနေဖြင့် ဈေးဆိုင်၊ အရောင်းအဝယ်နှင့်ကျပန်း/ဘောက် လုပ်ငန်း၊ရေလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက် ကြပါသည်။တက္ကသိုလ်ဘွဲ့ရများရှိသောကြောင့် အစိုးရဌာနများတွင် ဝင်ရောက်အမှုထမ်းကြပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွှယ်မှု**

ငါးဖယ်ထူမြောက်ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများအနက် အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက် ပိုနည်းပါသည်။ လယ်လုပ်ငန်း၊ ခြံလုပ်ငန်းများတွင် ဝင်ရောက်လုပ်သောအမျိုးသားများ၏ ဝင်ငွေသည် (၄၀၀၀) ကျပ်ရှိပြီး အမျိုးသမီးများ ကောက်စိုက်၊ကွမ်းခူးလျှင် တစ်ဦးလျှင် (၃၀၀၀)ကျပ် ရရှိပါသည်။ကျေးရွာအိမ်ထောင်စုပေါင်း(၅၀)ရာခိုင်နှုန်းခန့် လုပ်ကိုင်ကြသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့် အလိုက်တွင် အမျိုးသမီး ဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များဆောင်ရွက်ရာတွင် အမျိုးသမီးများတက်ကြွစွာ ပူးပေါင်းပါဝင်ကြပါ သည်။ဥပမာ ရွာလုပ်အားပေးခေါ်လျှင် သာရေးနာရေးချက်ပြုတ်လျှင် အမျိုးသမီး များသာအရေအတွက်များပါသည်။ သို့သော်လည်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မှု အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲ ဖြစ်ပါသည်။ ကျေးရွာတွင်အမျိုးသမီးတိုင်းကြားမှုများ၊ သံသယဖြစ်ဖွယ်အကြမ်းဖက်မှု၊မရှိပါ။ လူနေမှုအဆင့်အတန်း ခွဲခြားဆက်ဆံမှု မရှိဘဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး အရေးကြုံလျှင်စည်းလုံးညီညွတ် စွာနေထိုင်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့်နိုင်ငံတော်နှင့် ဒေသ ဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်း မွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ငါးဖယ်တူမြောက်ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာလမ်းကော်မတီ၊မိဘဆရာအသင်းရပ်မိရပ်ဖ၊ဂေါပက၊ကျောင်းအကျိုးတော်ဆောင်၊ ကျန်းမာရေးကော်မတီ သာရေးနာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာဆောင်ရွက်နေပါသည်။ ကျန်းမာရေးနှင့်လူထုအထောက်အကူပြုအဖွဲ့ ကိုလည်းဖွဲ့စည်းထားပါသည်။ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှလမ်းညွှန်ချက်ဖြင့်ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောဦးစားပေးလုပ်ငန်းများအားသက်ဆိုင် ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ငါးဖယ်ထူမြောက်ကျေးရွာရှိ လယ်သမားများ၏ အဓိကစိုက်ပျိုး သီးနှံမှာ စပါးနှင့် ပဲဖြစ်ပြီး မိုးနှင့်ဆောင်းရာသီတွင် စိုက်ဧက (၃၃၈.၁)ဧကစိုက်ပျိုး ကြပါသည်။မိုးစပါးစိုက်ခင်းအားလုံးနီးပါးသည် မျိုးစေ့ကျဲစနစ်ကို ကျင့်သုံးကြ ပါသည်။ စိုက်ပျိုးရေးချေးငွေများကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှပံ့ပိုး သောချေးငွေများမှာ မြေပြင်ပြင်ဆင်စရိတ်နှင့် စိုက်ပျိုးစရိတ်အထိအထောက် အကူပြုပါသည်။ သို့သော် ဓါတ်မြေဩဇာနှင့် ရိတ်သိမ်းစရိတ်တို့အတွက် ပြင်ပ လုပ်ငန်းရှင်များနှင့်မြေဩဇာအရောင်းဆိုင်တို့မှ အတိုးနှုန်း(၃)ကျပ်မှ(၅)ကျပ်ဖြင့် ငင်းအလွတ်ချေးငွေများအတွက် (၆)ကျပ်တိုးအထိ လိုအပ်သောချေးငွေများချေး ယူရပါသည်။ ချေးငွေကုမ္ပဏီများထံမှလည်း (၂ကျပ်၊၅၀ပြား)တို့ဖြင့် အရင်းလျှော့ အတိုးရောစနစ်အရစ်ကျပေးချေစနစ်ဖြင့် အသင်းဖွဲ့ချေးယူရပါသည်။ ဆောင်း သီးနှံစိုက်ချိန်တိုတောင်းခြင်းနှင့် ရာသီချိန်တိုတောင်းခြင်းတို့ကြောင့် လယ်သမား အားလုံးနီးပါးကျဲခင်းသာလုပ်ကြပါသည်။ကွမ်းစိုက်ပျိုးခြင်းကို ကျေးရွာအတွင်း ရှိ အိမ်ထောင်စု(၇၅)%လောက်စိုက်ပျိုးကြပါသည်။

ရောဂါကင်းလွတ်သော ခြံများတွင် တိုင်(၁၀၀၀)လျှင် တစ်လဝင်ငွေ (၅၀၀၀၀)ခန့် ရရှိသဖြင့် ဆင်းရဲသောတောင်သူများအတွက် အားထား စိုက်ပျိုး နိုင်သော်လည်း ရောဂါမကာကွယ်နိုင်ပါက အရင်းအနှီးများဆုံးရှုံးနိုင်ပေသည်။ ကွမ်းဈေးအတက် အကျပေါ်မူတည်၍လည်း ဝင်ငွေပြောင်းလဲပါသည်။ စိုက်ပျိုး

ရေးကိုသာအဓိက ထားစိုက်ပျိုးသည့်အတွက် ကြက်၊ဘဲ၊ဝက် တို့မှာတစ်နိုင်တစ်ပိုင်သာမွေးမြူကြပါသည်။ကွမ်းစိုက်ပျိုးခြင်းနှင့်အခြားသီးနှံများ စိုက်ပျိုးခြင်းတို့ကို လယ်အလုပ်နှင့် တွဲဖက်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင်ခြံလုပ်ငန်းစိုက်ပျိုးစရာ မရှိသည့် ကြုံရာကျဘမ်းများအနေဖြင့် ရေလုပ်ငန်းဖြစ်သောငါးရှာဖွေခြင်းနှင့်ငါးရှဉ်ထောင် လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ၎င်းတို့အတွက်မီခိုရာအင်းအိုင်များသည် လည်းကာလကြာရှည်လာသည်နှင့် အတူရာသီဥတုပြောင်းလဲမှုများကြောင့် အင်းအိုင်ကောမည့်အခြေအနေနှင့် ရင်ဆိုင်နေရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ငါးဖယ်ထူမြောက်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ကိုင်သူများမှာ ဈေးဆိုင်၊အရောင်းအဝယ်၊ဗန်းယက်၊လက်သမား၊မြို့ကြီးများတွင် သွားရောက်လုပ်ကိုင်နေသော စက်ရုံ၊အလုပ်ရုံ ဝန်ထမ်းများအစရှိသည်တို့ လုပ်ကိုင်ကြပါသည်။ နေ့စားလုပ်ကိုင်သူများမှာလည်း လယ်ထဲတွင်စက်မောင်း၊ကွမ်းခြံဆင်း၊ ကွမ်းခူး၊ ကွမ်းညွှန့်ချည်စသည့်လုပ်ငန်းများ ကိုလုပ်ကိုင်ကြပါသည်။တစ်နေ့လျှင်ကျား(၄၀၀၀)ကျပ်၊ မ(၃၀၀၀)ကျပ်ရရှိပါသည်။ ကျေးရွာအတွင်းရှိ အရမ်းအဆင်ပြေသူများမှလွဲ၍အားလုံးနီးပါးလုပ်ကိုင်ကြပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ငါးဖယ်ထူမြောက်ကျေးရွာတွင် စိုက်ပျိုးရေးတွင် သဘာဝမြေဩဇာများကိုအသုံးပြုမှုနည်းပါးလာပြီး ဓါတုမြေဩဇာများ၊ ဓါတုပိုးသတ်ဆေးများကို လိုအပ်သည်ထက် ပိုမို အသုံးပြုလာသောကြောင့် စိုက်ပျိုးမြေများမှာ မြေဆီဩဇာများခမ်းခြောက်လာပြီး မြေဆီလွှာပျက်စီးမှုများဖြစ်ပေါ်နေပါသည်။ မြေဆီလွှာပျက်စီးလာသောကြောင့် သဘာဝ ဆေးဘက်ဝင်အပင်မျိုးစိတ်များလည်း ရှားပါးလာကာအပင်များအတွက်ရောဂါကာကွယ်ထိန်းချုပ်မှု အားနည်းလာသောကြောင့်ဖျက်ပိုးများကျရောက်မှုရှိနေပါသည်။ ဘေးကင်းလုံခြုံရေးအတွက်မည်သည့်အဖွဲ့မည်သည့်ဌာနမှ သင်တန်းပေးခြင်း၊ကြိုတင်စီမံပေးခြင်းမရှိပါ။

သဘာဝဘေးအန္တရာယ် ကျိုတင်ကာကွယ် နိုင်ရန်အတွက် ရေဒီယို၊တီဗွီတို့မှသိရှိရပါသည်။ ကျေးရွာအုပ်စုအတွင်း တွဲဘက်အထက်တန်းကျောင်းဖြစ်သောကြောင့် ဆရာ/ဆရာမ ပြည့်စုံပါသည်။ အဆောက်အဦ လိုအပ်ချက်များရှိနေပါသည်။ရဲစခန်းမရှိသဖြင့် ကျေးရွာလုံခြုံရေးအတွက်အုပ်စု အုပ်ချုပ်ရေးမှူးနှင့်ရပ်ဖိ/ရပ်ဖ ကျေးရွာလူငယ်များမှ အဆင်ပြေသလို ဆောင်ရွက်ပေးရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်သမဝါယမဦးစီးဌာနတို့သည်ငွေချေးရန် အရင်းအမြစ်များဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာထုတ်ချေးပြီး လယ်တစ်ဧကလျှင် (၁၅၀၀၀၀) ထုတ်ချေးပေးပါသည်။ အများဆုံးထုတ်ချေးငွေမှာ (၁၅၀၀၀၀၀) ကျပ်ဖြစ်ပါသည်။အတိုးနှုန်းမှာ(၀.၈) တိုးဖြစ်ပြီးလတိုး ဖြစ်ပါသည်။ ထုတ်ချေးသည့်ကာလမှာ(၇)လဖြစ်ပါသည်။ တောင်သူများအနေဖြင့် လုံလောက်သောချေးငွေမရရှိသဖြင့် အပြင်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်း (SME)တို့တွင် အသင်းအဖွဲ့လုပ်ကာ အရင်းလျှော့အတိုးလျှော့စနစ်ဖြင့် တစ်လလျှင်တစ်ခါသွင်းစနစ်ဖြင့် ချေးယူသုံးစွဲရပါသည်။ အတိုးနှုန်းမှာ(၂.၅)ကျပ်တို့ဖြစ်သည်။ ချေးငွေအတိုးနှုန်းများသည့်အတွက် လတိုးချေးငွေဖြစ်သည့်အတွက် လုံလောက်သောချေးငွေပမာဏအား နှစ်ရှည်ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပါသည်။ မွေးမြူရေးသမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့်အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင်ထုတ်ချေးနိုင်သည့်။အဖွဲ့ဝင်ဖြစ်ရန် (၅၀၀၀)စုရသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျဘမ်းလုပ်သူများကို ပထမအကြိမ်တွင်(၁၀၀၀၀၀)ကျပ်ထုတ်ချေးပါသည်။ ကာလတိုချေးငွေဖြစ်သောကြောင့် ချေးငွေပြန်ဆပ်ချိန်တွင် အခက်အခဲ ဖြစ်၍ပြင်ပအဖွဲ့အစည်းများဖြစ်သော မျှဝေသောလက်များ၊ဖူလတန်၊စတာပနာ များမှငွေတိုးချေးသူများထံမှချေးယူ၍ ပြန်ဆပ်ရသဖြင့် အဆင်မပြေဖြစ်ရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ငါးဖယ်ထူမြောက်ကျေးရွာရှိ မူလတန်းကျောင်းဆောင်မှာ (၉၀'×၃၀'×၁၈')ရှိသောတစ်ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ကျောင်းတွင်အစိုးရခန့် ကျောင်းဆရာ(၁)ဦး၊ ဆရာမ (၄)ဦး၊ကျောင်းအကူဝန်ထမ်း ကျား(၁)ဦးရှိပြီး ကျောင်းသားဦးရေမှာ (၉၃)ဦးရှိပါသည်။ စာရေးခုံများ၊ထိုင်ခုံများနှင့်သင်ထောက်ကူပစ္စည်းများလုံလောက်ပါသည်။(၃)နှစ်အထက် ကလေးငယ်များကိုလည်း (KG)တန်း သီးသန့်ခွဲ၍ ကျောင်းတွင် သင်ကြားပေးပါသည်။ ကျောင်းသူ/ကျောင်းသားများအတွက် သောက်သုံးရေ လုံလောက်မှုရှိအောင် ရေစည်၊ရေစက်၊အဝိစီတွင်းတို့ လှူဒါန်းပေးကြပါသည်။ကျေးရွာတွင်ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ကျန်းမာရေး ဝန်ထမ်းများမှ ထိုးနှံပေးသောကြောင့် ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များတွင်ဖြစ်ပေါ်တတ်သောရောဂါများ ကင်းဝေးကြပါ

သည်။ သာမာန်အဖျားများအတွက် ကျေးလက်ကျန်းမာရေးမှူးထံတွင် ကုသပါသည်။ တိုက်နယ်ဆေးရုံနှင့် (၃မိုင် ၅ဖာလုံ)ခန့်ဝေးသောကြောင့် အရေးပေါ်သားဖွား သူများအတွင် သားဖွားဆောင်လိုအပ်ပါသည်။ ကျေးလက်ကျန်းမာရေးဌာနဖြစ်သော်လည်း ဆေးပညာကျွမ်းကျင်သောဆရာဝန်များ ခန့်အပ်ပေးထားသောကြောင့် ရွာနီးစပ်(၁၅)ရွာမှ လူနာများအတွက်လည်း အထောက်အပံ့ပေးပါသည်။ကျေးရွာသည် တစ်နှစ်ပတ်လုံး အဝီစိ တွင်းများမှ သောက်ရေ၊ သုံးရေသုံးစွဲကြပါသည်။အင်းဘေးတွင် နေထိုင်သူများအနေဖြင့် သုံးရေအား ၎င်းအင်းရေကိုသာ သုံးစွဲနေရပါသည်။ယခုအခါ ဖွဲကမာန်အင်းသည် ကောလာသဖြင့်ပြုပြင်ထိန်းသိမ်းရန်လိုအပ်နေပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာ ကျေးရွာ၏သာရေး၊နာရေး၊ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။အမျိုးသမီးဝတ်ရွတ်အသင်းနှင့် အမျိုးသားများအတွက်ဘောလုံးကွင်းလဲရှိပါသည်။လူငယ်များကျေးရွာသာရေး၊နာရေး၊ ဘာသာရေးများတွင်ပါဝင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်မှုအားနည်းနေပါသည်။ ကျေးရွာမှလူကြီးများ၏ လက်တွဲခေါ်ယူမှုကလည်း လိုအပ်နေပါသည်။ လူငယ်အဖွဲ့စနစ်တကျဖွဲ့စည်းရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အဆိုပြုကြပါ သည်။လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များသင်ကြားရန်အဆိုပြုပါသည်။ အထွေထွေဗဟုသုတရရှိရန် စာကြည့်တိုက်လည်းထားရှိပါသည်။

## (ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

ငါးဖယ်ထူမြောက်ကျေးရွာသည် ၂၀၁၅ ခုနှစ်၌အကျယ် (၂၂)ပေ၊ ထု (၄)လက်မ၊ အရှည်(၁၆၉၅)ပေခန့်ရှည်သော ချောင်းကျောက်လမ်းကို ကိုယ်ထူကိုယ်ထဖြင့်ခင်းထားပါသည်။နောင်နှစ်များတွင်လည်းလိုအပ်သော လမ်းများ၌အကျယ်(၁၂)ပေ၊အရှည်(၃၀၁၁)ပေကိုလည်း ကိုယ်ထူကိုယ်ထစနစ်ဖြင့် ချောင်းကျောက် လမ်းခင်းထားပါသည်။ ကျေးရွာသည် ကုန်းလမ်းတစ်ခုတည်းကိုသာအဓိကအသုံးပြုနေရသောရွာဖြစ်ပါသည်။ကျေးရွာတွင် ကွန်ကရစ်တံတား(၃)စင်း ၊ သစ်သားတံတား(၁)စင်း၊ရေပြွန်(၂)ခုရှိပြီး ကွန်ကရစ်တံတားနှင့်ရေပြွန် (၂)ခုမှာ တစ်နှစ်ပတ်လုံးသွားလာရပြီးသစ်သားတံတားမှာ ပွင့်လင်းရာသီတွင်သာ သွားလာလို့ရပါသည်။ မီးအလင်းရောင်အတွက် ယခင်ကရေနံဆီ ၊ဖယောင်းတိုင်များကိုသာအသုံးပြုခဲ့သော်လည်း ယခုအခါ ဆိုလာမီးကိုမိမိအစီအစဉ်ဖြင့်ဝယ်ယူ

သုံးစွဲကြပါသည်။ အချို့ဆိုလာမရှိသော အိမ်ထောင်စုများသည် ဘတ္တရီအားသွင်း၍မီးထွန်းကြပါသည်။ ကျေးရွာတွင် တယ်လီဖုန်း ၊စလောင်း၊ရေဒီယိုတို့ကို အသုံးပြုနိုင် သောကြောင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီသိရှိရပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ငါးဖယ်ထူမြောက်ကျေးရွာသည်မိသားစုကဲ့သို့ပင်စည်းစည်းလုံးလုံး နေထိုင်ကြပြီးပြဿနာကြီးကြီးမားမားဖြစ်လေ့ဖြစ်ထမရှိပါ။ ဘုန်းတော်ကြီးများ၏ ဆုံးမမှု၊ လူကြီးမိဘများ၏ ဆုံးမမှုဖြင့် အေးချမ်းသာယာစွာနေထိုင်ပါသည်။ ကျေးရွာတည်ငြိမ်အေးချမ်းရေးအတွက် ရပ်မိ/ရပ်ဖ၊ ဆယ်အိမ်မှူး၊ရာအိမ်မှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူငယ်များပူးပေါင်း၍ဆောင်ရွက် လျှက်ရှိပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေများ

ငါးဖယ်ထူမြောက်ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်းမှာ ကျေးရွာ လူဦးရေ၏(၆၆%) ရှိပါသည်။ထို့အပြင် တက္ကသိုလ်ဘွဲ့ရများလည်း ရှိပါသည်။ လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလများအတွက် အားရဖွယ်ရာပင်ဖြစ်သည်။ ငါးဖယ်တူမြောက် ကျေးရွာသည် စိုက်ပျိုးရေးနှင့်အရောင်းအဝယ်ကိုအခြေခံပြီး စီးပွားရေးလုပ်ကိုင်ကြသောကြောင့် မိုးစပါး၊ ဆောင်းသီးနှံနှင့်ကွမ်း၊ အခြားသောခြံထွက် ပစ္စည်းများထုတ်လုပ်ပါသည်။ ရေလုပ်သားများ မှာလည်းနွေ၊မိုး၊ဆောင်း ငါးရှဉ့်ဖမ်းခြင်းလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများကို မှီခိုလုပ်ကိုင်စားသောက်သော ကျွဘမ်းအလုပ်သမားများလည်း ရှိပါသည်။ စိုက်ပျိုးရေးအတွက်ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုရှိပြီးသီးနှံမျိုးစေ့များ၊မြေဩဇာများကို ဝယ်ယူရရှိနိုင်သော အခွင့်အလမ်းများလည်း ရှိပါသည်။အလုပ်သမားများလည်း ငှားရမ်းနိုင်ပါသည်။မူလတန်းကျောင်းမှလည်း ကျောင်းသား၊ ကျောင်းသူများ အတွက်သင့်တော်သော ဆရာလုံလောက်မှု ရှိ

သည့် အပြင်မိဘ ဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့်မူလတန်းကျောင်းမှအထက်တန်းကျောင်း(ခွဲ) အဆင့်ပညာရေးအတွက် ကောင်းမွန်သောအလားအလာများဖြစ်ပါသည်။

**(ခ) အဟန့်အတားနှင့်ကျော်လွှားရမည့်စိန်ခေါ်မှု**

ငါးဖယ်ထူမြောက်ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသော အဖွဲ့ အစည်းများရှိသော်လည်း သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အားနည်း နေပါသေးသည်။ကျေးရွာတွင် စပါးထွက်သော်လည်း အခြောက်ခံစက် ကြီးများနှင့် အလှမ်းဝေးနေသေးသည့်မြို့ကြီးများတွင်ရှိရာ မိုးနှောင်းကာလလမ်း ပျက်စီးမှုများသောကြောင့် သယ်ယူပို့ဆောင်ရေး အရမ်းအခက်အခဲရှိပါသည်။ အချိန်အခါမဟုတ်မိုးရွာသွန်းခြင်း ကြောင့် လဲဖြစ်ပါသည်။ ဤကျေးရွာ၏အဓိက မြို့ပေါ်သို့ အခြောက်ခံစက်များသို့ ပို့ဆောင်ရန်သည် တာဝ္ဂ-ဘုရားကုန်း-ခမ္မီလမ်း မကြီးကအဓိကကုန်ထုတ်လမ်းမကြီးဖြစ်ပါသည်။ ဤကုန်ထုတ်လမ်းမကြီးကို ကျေးရွာအုပ်စုပေါင်း(၁၀)အုပ်စုကျော်ရှိတောင်သူတို့အဓိကမှီခိုနေရပါသည်။စပါးစို သည့်အပေါ်ကုန်သည်များမှ ထပ်ဆောင်းပေါင် အပိုပေးရခြင်းသည်လည်း လယ် သမားများအဘို့အရမ်းနစ်နာသည့်အခက်အခဲစိန်ခေါ်မှုပင်ဖြစ်ပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ**

ကျွန်ုပ်တို့ငါးဖယ်ထူမြောက်စုကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် မှာယေဘုယျအားဖြင့် လူမှုအဆင့်အတန်းမြင့်မားရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်ပါ သည်။ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်း များဖြင့် အဆိုပါရည်းမှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကိုဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကိုအလေး ထားပြီးကလေးများနှင့် လူငယ်များအတွက်လူသားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက် စေမည့်ရည်မှန်းချက်များကိုလည်း (၂၀၁၈မှ၂၀၂၃) ၅နှစ်တာ ကာလအတွင်း အောက်ပါ အတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

(က.၁) ရွာလူထုသည်စိုက်ပျိုးရေးထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်း၊ မွေးမြူရေး

များတိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့်ဝင်ငွေတိုးတက်စေရမည်။

(က.၂) လူငယ်များအား ပညာတတ်မြောက်မှုကိုပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေပြီးစီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

(က.၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေခြင်းဖြင့်၄င်း ကျေးရွာမီးလင်းရေးရရှိစေခြင်း၊ ကျေးရွာရန်ပုံငွေရရှိရန်ငါးမွေးမြူရေးကန်အကောင်အထည်ဖော်ခြင်းဖြင့်လူနေမှုအဆင့်အတန်းမြင့် လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများ ကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(ခ.၁) ကျေးရွာရှိမိရိုးဖလာ စိုက်ပျိုးနည်းဗျူဟာများကိုသာ အသုံးပြုနေသောတောင်သူများ၏ဝင်ငွေတိုးတက်လာစေရန်အတွက်အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီးဈေးကွက်အတွင်းလူကြိုက်များသောစပါးမျိုးများကိုသာ ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေးနည်းပညာများ၊ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းများအတွက်လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ပါသည်။

(ခ.၂) ကျေးရွာတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအားအဆင့်မြင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ အကူအညီပေးမည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထုလုပ်အား ပေါင်းစပ်ကာလုပ်ဆောင်သွားပါမည်။

(ခ.၃) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့် ချိတ်ဆက်ရန် မတတ်နိုင်သေးသဖြင့် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းပြီး မတည်ရန်ပုံငွေရှာဖွေ မည့်မဟာဓါတ်အားလိုင်းနှင့် ကျေးရွာကြားရှိဖြတ်ကျော်လာမည့်ရွာများနှင့် အဆင်ပြေအောင်ညှိနှိုင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီးဆောင်ရွက်သွားပါမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီး ကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ငါးဖယ်ထူမြောက်ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများ နှင့် အဖွဲ့ အစည်းများကို ပေးနိုင်ပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ၊ ကျေးရွာသားများ၏ အားထုတ်လုပ်ကိုင်မှုများကိုပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်ရန် ပြုပြင်ရေးဆွဲခြင်း စသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီ ဆက်လက်ရရှိမည်ဟု မျှော်လင့် ပါသည်။

**(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ**

ငါးဖယ်ထူမြောက်ကျေးရွာ ၏လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများကို ရရှိမှုကလည်းအဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများထုတ်ချေးပေး နေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေဖြင့် စပါးသီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေး နေသောကြောင့်အခြား သီးနှံ စိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များရှိနေ ဆဲဖြစ်ပါသည်။ တောင်သူ အများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သောငွေကြေး ဝန်ဆောင်မှု လုပ်ငန်းများနှင့်ချိတ်ဆက် လုပ်ဆောင်လိုကြသည်၊ ကျေးရွာသူ/ သား များလိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင် ရန်ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း ဆိုင်ရာ သတ်မှတ်ချက်များကိုလျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြုပြင် ပြောင်းလဲသင့်ပါသည်။

**(ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက်အထောက် အပံ့များဖြည့်ဆည်းပေးခြင်း**

ငါးဖယ်ထူမြောက်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှု တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှုအားနည်းခြင်း နှင့်အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေး

အတွက်ခေတ်မှီသောနည်းပညာ များလိုအပ်ခြင်းပင်ဖြစ်သည်၊ ဟသ်ာတမြို့နှင့် မဝေးလှသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကိုသင့်တော်သော ဈေးနှုန်းဖြင့်ရောင်းချရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာ န၏ အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်း များ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။ ထို့အပြင်အသက်မွေးဝမ်းကျောင်း ဆိုင်ရာနည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲ လုပ်ကိုင်ရန်လိုအပ်သောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။

သက်ဆိုင်ရာ ဦးစီးဌာနများအဖွဲ့အစည်းများအနေဖြင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင် ပေးနိုင်ပါကမြန်ဆန်စွာတိုးတက်လာစေပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက် ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေး ရှိသောတန်းဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများရရှိ ဆောင်ရွက် ခြင်းကလည်း ကျေးရွာရှိလူသား အရင်းအမြစ်သုံးစွဲမှုကိုထိရောက်စွာ အသုံးချ နိုင်ရုံမက ဒေသတွင်းတစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေ နိုင်သော ကြောင့်ကျေးရွာ၏ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊ အခြား ဒေသများ တွင် ရွှေ့ပြောင်းလုပ် ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများပေါင်းစည်း နေထိုင် လုပ်ကိုင် နိုင်ခြင်းစသည့်ဖြင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်း စေရေးကို တစ်ထောင့်တစ်နေရာမှ အထောက် အကူပြုနိုင်ပေမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည် ပေါ်စေ နိုင်မည့် နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလကျော်လွန်ချိန်တွင်ဖော်ပြပါပန်းတိုင်များကို ပြီးမြောက် အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ် ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည်(၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ ဦးစားပေးစီမံချက်များမှာ ပြည့်စုံ လုံလောက်နိုင်မည် မဟုတ်ပေ။သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို

အကောင်အထည်ဖော်မှု(၂-၃)နှစ် ကျော်လာချိန်တွင် စီမံကိန်း(၅) နှစ်တာ ကာလအတွင်းဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါသည်။ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင်ငါးနှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်းထပ်တိုး စီမံချက်များ ရှိလာ နိုင်ပါသည်။

ထို့ကြောင့်ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည်နှစ်အလိုက်ဘဏ္ဍာရေးနှင့်ငွေကြေးစီမံမှု ဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသအတွင်း ဖြစ်ပေါ်လာသောဖွံ့ဖြိုးရေး လိုအပ်ချက် သဘာဝဘေးအန္တရာယ် ၊အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာ အတွက်ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့်နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

အစီအစဉ်နှင့်စီမံချက်များအားကဏ္ဍနှင့်ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက် အကူပြုပါမည်၊ (Functional classification) သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများ အတွက်၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကိုသိရှိနားလည်ရန် အထောက်အကူ ပြုပါမည်။(Economic classification) သည်စီမံချက်များ၏ အကျိုးရလဒ်ဖြစ်ထွန်းမှု များအား အကဲဖြတ်သုံးသတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးအတွက်လိုအပ်ပါသည်။

(၁) ကဏ္ဍာကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည်-

(က)မည်သည့် ကဏ္ဍာအောက်တွင် (ဥပမာစိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)

(ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် စသည်ဖြင့်ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း(Economic classification)စီမံချက်ဘတ်ဂျက် အမျိုးအစားသည်မည်သည့်ရင်းနှီးမြုပ်နှံမှုအမျိုးအစားဖြစ်သည်ကိုဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ်၊
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက်တက်ရောက်သူကျေးရွာသူ၊ ကျေးရွာသားအုပ်စု(၅)စုထဲမှ(၁၀)ဦးက ဦးစားပေးရမည့်စီမံချက်များကိုအမှတ်ပေးရပါမည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁ | လမ်း၊တံတားနှင့် Box Culvert | ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်း ရေနုတ်မြောင်းနှင့်ဂုံးတံတားတည်ဆောက်ခြင်း | ၉၀ | ၁ |
| ၂ | မီးလင်းရေး | လျှပ်စစ်ဓါတ်အားရရှိရေး | ၇၅ | ၂ |
| ၃ | ကျန်းမာရေး | သားဖွားဆောင်တည်ဆောက်ခြင်း၊ကျွမ်းကျင်ဝန်ထမ်းများထပ်မံထောက်ပံ့ပေးခြင်းနှင့်ဆေးဝါးများလုံလောက်စွာရရှိစေခြင်း | ၆၀ | ၃ |
| ၄ | ချေးငွေလက်လှမ်းမှီရေး | ချေးငွေဝန်ဆောင်မှုများအားအတိုးနှုန်းသက်သာပြီးကာလရှည်ထုတ်ချေးပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ပေးခြင်း | ၅၀ | ၄ |
| ၅ | ပညာရေး | သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးခြင်းနှင့်ကျောင်းအဆင့်မြှင့်တင်ပေးခြင်း | ၄၅ | ၅ |
| ၆ | လူငယ်ဖွံ့ဖြိုးရေး | လူငယ်များအတွက်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်လှစ် ပေးနိုင်ရေး | ၃၀ | ၆ |
| ၇ | ရေပေးရေး | စက်ရေတွင်းတူးဖော်ခြင်း | ၂၆ | ၇ |
| ၈ | အုပ်ချုပ်ရေး | အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း | ၂၅ | ၈ |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

